ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ကြံ့ခင်းမြို့နယ်

CDD

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကြံ့ခင်းမြို့နယ်

၂၀၁၈ - ခုနှစ်

ကိုးအင်းအုပ်စု၊ မကျီးစုကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ရခိုင် ပြည် နယ်
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် ကိုးအင်းကျေးရွာအုပ်စုပြမြေပုံ




ကိုးအင်းကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း (ကိုးအင်းကျေးရွာအုပ်စု)**

၁. ကိုးအင်းကျေးရွာ

၂. တာကြီးတန်းကျေးရွာ

**၃. မကျီးစုကျေးရွာ**

၄. ကညင်တောကျေးရွာ

၅. လက်ပံတိုက်ကျေးရွာ

၆. လှူပျိုတော် အထက်စုကျေးရွာ

၇. လှူပျိုတော် အောက်စု

၈. ညောင်ပင်

၉. သစ်ဆိမ့်ပင်

ကိုးအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. မကျီးစုကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ကိုးအင်းအုပ်စု၊ မကျီးစုကျေးရွာသည် အိမ်ခြေ(၃၂) ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အုပ်စုကျေးရွာ နှင့် ကပ်လျက် တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပြီး၊ မြောက်ဘက်တွင် ဖားတစ်ရှဉ်းချောင်း၊ တောင်ဘက်တွင် ရေနံတောင်လမ်းမကြီး နှင့် လယ်ကွင်းများ၊ အရှေ့ နှင့် အနောက် အရပ်မျက်နှာ များတွင် တောင်ယာ၊ ကိုင်းကျွန်းများ ရှိကြပါသည်။ ကျေးရွာတွင်းမှ အရှေ့ဖက်သို့ဆက်၍ သွားလျှင် လက်ပံတိုက် ကျေးရွာသို့ရောက်ရှိပါသည်။

ကျေးရွာတွင် နေထိုင်ကြသူများမှာ လယ်ယာ လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသူများ ဖြစ်ပြီး၊ ရာသီအလိုက် စပါး၊ ပဲ၊ နှမ်း စသည့်လယ်ယာထွက်ကုန်များကို စိုက်ပျိုးခြင်း၊ ရောင်းချ ခြင်းဖြင့်၊ လုပ်ကိုင် စားသောက်ကြပါသည်။ လက်မှု ပညာရှင်များ ဖြစ်သော လက်သမား၊ ပန်းရံ၊ လျှပ်စစ် လုပ်သား၊ ပိုက်ဆက် နှင့် မက္ကင်းနစ် ပညာရှင်များ လည်း နေထိုင်ကြပြီး မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ၊ဆရာမ များလည်း နေထိုင်ကြသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကျန်းမာရေး၊ ပညာရေး အနေဖြင့် ကိုးအင်း ကျေးရွာ သို့လည်းကောင်း၊ ဘက်ရဲမြို့ ပေါ်သို့လည်းကောင်း သွားရောက်၍ အဆင်ပြေသော ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။ သဘာဝ ဘေးအန္တရာယ် အနေဖြင့် ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်း ကျရောက်ခံခဲ့ရသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် ဘုရား၊ စေတီ နှင့် ဘုန်းတော်ကြီးကျောင်းများ၊ မရှိကြပါ။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၆-၉-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၁ | ၁၃ | ၃၄ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၆-၉-၂၀၁၄ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၂၁ | ၁၃ | ၃၄ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၆-၉-၂၀၁၄ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၂၁ | ၁၃ | ၃၄ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၆-၉-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၂၁ | ၁၃ | ၃၄ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၆-၉-၂၀၁၄ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၁ | ၁၃ | ၃၄ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၆-၉-၂၀၁၄ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၂၁ | ၁၃ | ၃၄ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၂၆-၉-၂၀၁၄ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၁ | ၁၃ | ၃၄ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၆-၉-၂၀၁၄ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၂၁ | ၁၃ | ၃၄ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၂၆-၉-၂၀၁၄ | ကော်မတီဂင်များရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၂၁ | ၁၃ | ၃၄ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)


- ဒေသတွင်း သဘာဝအရင်းအမြစ်များမှာ ချောင်း၊ လယ်ယာ၊ ကိုင်းကျွန်း၊ ဝါးတော စသော ဒေသ အရင်းအမြစ်များကို တွေ့ရပြီး၊ ရာသီအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင် ကြပြီး၊ ဝါးလုပ်ငန်းအနည်းငယ်လည်း လုပ်ကိုင်ကြကြောင်း တွေ့ရပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်း အမျိုးအစား ဖြစ်ပါသည်။
- လူမှုအဆောက်အဦး နှင့် လူနေမှုသဘာဝ မှာ လူနေမှုအိမ်ခြေ (၃၀) လုံးရှိပြီး၊ အိမ်တိုင်းစေ့နီးပါး ရေတုံကင်များရှိကြ၍၊ သောက်သုံးရေ လုံလောက်ဖူလုံသော်လည်း၊ မိုးရာသီတွင်ရွာလမ်းရေ ကျော် ခြင်းများကြောင့် ရေတုံကင်များ ရေဝင်နစ်မြုပ်၍၊ မိုးရာသီတွင် သောက်သုံးရေ ခက်ခဲ သော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။
- ကျေးရွာတွင် လျှပ်စစ်မီး ရရှိပြီးဖြစ်၍၊ အလင်းရောင်ရသော်လည်း၊ မီးအားမကောင်း၍ ချက်ရေး၊ ပြုတ်ရေးများတွင် အသုံးမပြုနိုင်ပဲ၊ မီးကြိုးများမှာလည်း စိတ်ချရမှု မရှိ၊ ဟောင်းနွမ်းဆွေးမြေ့နေ
- ပြီ ဖြစ်ကြောင်း သိရပါသည်။
- ကျေးရွာတွင် မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ/ဆရာမ များနေထိုင်ကြပြီး၊ ပညာတတ်ဦးရေ များပြားသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။
- လက်မှုပညာရှင်အနေဖြင့် လက်သမား၊ ပန်းရံ၊ လျှပ်စစ်လုပ်သား၊ ပိုက်ဆက် နှင့် မက္ကင်းနစ် ပညာရှင်များ နေထိုင်ကြပါသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘက်ရဲမြို့ နှင့် မနီးမဝေးတွင် ရှိပြီး၊ အုပ်စုကျေးရွာ နှင့် ရွာချင်းဆက်ဖြစ်၍ မူလတန်း နှင့် အလယ်တန်းအဆင့် ပညာရေးကို ကိုးအင်းအုပ်စုကျေးရွာတွင် လည်းကောင်း၊ အထက်တန်းအဆင့် ပညာရေး နှင့် ကျန်းမာရေးအတွက် ဘက်ရဲမြို့ပေါ်သို့ လည်းကောင်း၊ အဆင်ပြေ လွယ်ကူချောမွေ့စွာ ရှိကြပါသည်။
- မကျီးစုကျေးရွာလေးမှာ နှစ်စဉ်၊ ချောင်းကမ်းပါးများ ပြိုကျပျက်စီး၍၊ မြေနေရာများ တဖြည်း ဖြည်း ပြောင်းရွှေ့နေရသော ကျေးရွာလေးတစ်ရွာဖြစ်ကြောင်းလည်း သိခဲ့ရပါသည်။။
- သဘာဝဘေးအန္တရာယ် အနေဖြင့် ၂၀၀၆ ခုနှစ်တွင်၊ မာလာမုန်တိုင် ကျရောက်ခဲ့ပြီး၊ နှစ်စဉ်နီးပါး ရေကြီး၊ ရေလျှံခြင်းများ ကြုံတွေ့ရသော ကျေးရွာလေးဖြစ်ပါသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်**

- ကျေးရွာတွင်း အားပြည့်သော လျှပ်စစ်မီး ရရှိပြီး၊ မီးကြိုးများ လုံခြုံစိတ်ချရမှုရှိရေး
- ကျေးရွာတွင်းလမ်းများ ကောင်းမွန်ရေး
- ရာသီမရွေး သောက်သုံးရေဖူလုံမှုရှိရေး
- ကျေးရွာတွင်းစာကြည့်တိုက်
- အစည်းအဝေးခန်းမ
- ကစားကွင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - စိုက်ပျိုးရေးအတွက် ချေးငွေ
    - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်



ရာသီခွင်ပြ ပြက္ခဒိန်


**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ရာသီဥတု နှင့် အလုပ်အကိုင် မှာ မကျီးစုကျေးရွာ၏ ရာသီဥတု အခြေအနေမှာ အခြားဒေသတွင်း ကျေးရွာများ နှင့် များစွာကွဲပြားမှုမရှိပဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လ များ တွင် ရာသီဥတုပူပြင်း၍၊ အလုပ်အကိုင်အနေဖြင့် မတ်ပဲရိတ်ခြင်း၊ အိမ်သုံးထင်း တိုက်ခြင်း၊ လယ်ယာမြေ ထွန်ယက်ပြုပြင်ခြင်း နှင့် လယ်ထွန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။
- ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လများတွင်၊ မိုးများများရွာသွန်းပြီး၊ မိုးကာလရာသီချိန်ဖြစ်သည့် အားလျော်စွာ၊ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ မြက်ကောက်ပေါင်းသင်ခြင်း နှင့်ကောက်ရိတ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်။
- တန်ဆောင်မုန်း၊ ပြာသို၊ တပို့တွဲ လများတွင်၊ မတ်ပဲ၊ မြေပဲ စိုက်ခြင်း၊ စပါးခြွေလှေ့ခြင်း နှင့် မတ်ပဲ ရိတ်ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။
- ကျန်းမာရေး နှင့် ဝင်ငွေ မှာ၊ ကျန်းမာရေးအနေဖြင့် မိုးဦးစဖြစ်သော နယုန် နှင့် ရာသီကူးပြောင်းချိန် သီတင်းကျွတ်လများတွင် နာစေး၊ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း စသည့်ကျန်းမာရေး အညံ့များ ကြုံတွေ့ရပြီး၊ ကျန်သောလရာသီများတွင် ပျမ်းမျှအားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။
- ဝင်ငွေအနေဖြင့် တန်ခူး၊ ကဆုန်၊ နယုန် များတွင် ဝင်ငွေရသော အလုပ်အကိုင်များမရှိတတ်ပဲ၊ ကျန်သောလရာသီများတွင် အမျိုးသား၊ အမျိုးသမီးများ၏ ပျမ်းမျှဝင်ငွေမှာ၊ တစ်နေ့လျှင် ကျပ်(၃၀၀၀-၄၀၀၀)ကြား ရရှိပြီး၊ နေ့ဝက်လျှင် ကျပ်(၁၅၀၀-၂၀၀၀) ဝန်းကျင်ခန့် ရရှိကြပါသည်။
- လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်းကို ဝါခေါင်လတွင်လည်းကောင်း၊ ကောက်ရိတ်ခြင်း၊ မတ်ပဲကြဲခြင်းကို တန်ဆောင်မုန်းလတွင်လည်းကောင်း၊ စပါးခြွေခြင်း၊ မတ်ပဲနှုတ်ခြင်းကို နတ်တော် နှင့် တပေါင်းလတို့တွင်လည်းကောင်းလုပ်ကိုင်ဆောင်ရွက်ကြပြီး၊ ၎င်းလများသည် ဝင်ငွေကောင်း သော လများ ဖြစ်ပြီး၊အမျိုး သား၊ အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျှမ်းမျှရရှိကြ ပါသည်။
- အစားအစာဖူလုံမှု နှင့် ပွဲတော် မှာ တန်ခူး၊ ကဆုန်၊ နယုန် လများတွင် စပါးများရိတ်သိမ်းပြီး၊ စပါးပုတ်များတွင် ဝမ်းစာသိုလှောင်ထားကြပြီး၊ ဝမ်းစာအပြည့် ရှိသောကာလများ ဖြစ်ပါသည်။ ကျန်သောလရာသီများမှာ အစားအစာဖူလုံမှု အသင့်အတင့်ရှိသော ကာလများ ဖြစ်ပါသည်။
- ပွဲတော်ကျင်းပမှုမှာ မြန်မာနိုင်ငံ၏ အခြားသောနေရာဒေသများ နှင့်နည်းတူ၊ သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲတော်၊ ကထိန်ပွဲ၊ ထမနဲပွဲ၊ ရှင်ပြုပွဲ များကို ရာသီအလိုက် ကျင်းပကြပြီး၊ ဝါတွင်းကာလများတွင် ဥပုဒ်သီတင်းဆောက်တည်ခြင်းများ ပြုလုပ်ကြပါသည်။

- သဘာဝဘေးအန္တရာယ် နှင့် လမ်းပန်းဆက်သွယ်ရေးမှာ ဝါဆို၊ ဝါခေါင် နှင့် တော်သလင်းလများတွင် ချောင်းရေလျှံမှုများ နှစ်စဉ် ကြုံတွေ့ရင်ဆိုင်ရသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ လမ်းပန်းဆက် သွယ်ရေးအနေဖြင့် အဆိုပါကာလများတွင် လမ်းရေကျော်ခြင်းများ ရှိပြီး၊ အခြားကာလများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ ရွှေ့ပြောင်းလုပ်သားများ မရှိပါ။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ချင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>



၂၃.၉.၁၇

ဥစ္စာဓန အဆင့်သတ်မှတ်ချက်

ကိုးအင်းအုပ်စု
မကျိုးစုကျေးရွာ

| အဆင့် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| က | အုပ်မိုး ပျဉ်ထောင် လယ်ထွန်စက် ဆွဲလှေ့စက် ကား၊ လယ်(၅)ဧက အထက်၊ နွားတစ်ရှဉ်း။ | ၁၀ | ၃၁% |
| ခ | အုပ်မိုး၊ ပျဉ်ထောင်၊ လယ်(၅)ဧကအောက်၊ ဆိုင်ကယ်၊ နွားတစ်ရှဉ်း | ၁၀ | ၃၁% |
| ဂ | သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ ဝက်(၁)ကောင် ကြက် | ၁၂ | ၃၈% |
| စုစုပေါင်း | - | ၃၂ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ
ကျား-၄
မ-၈

စုစုပေါင်း - ( ၃၂ ) - ( ၁၀၀% )


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

**ဥစ္စာနေကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း တွင်၊ ကျေးရွာအနေဖြင့် ( က၊ ခ၊ ဂ ) ဟူ၍၊ အဆင့်( ၃ ) ဆင့်ခွဲ ၍ သတ်မှတ်ရေးဆွဲခဲ့သည်။
- (က) အဆင့်၊ ကျေးရွာ၏ အဆင်ပြေဆုံးသော ချမ်းသာသူများအုပ်စုတွင်၊ အိမ်ထောင်စုအရေ အတွက် (၁၀) အိမ်ထောင်စုရှိပြီး၊ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်ထွန်စက်၊ ခြွေလှေ့စက်၊ ကား၊ လယ်မြေ(၅) ဧက နှင့် အထက်၊ နွားတစ်ရှဉ်း စသည်ဖြင့် ပိုင်ဆိုင်ကြပြီး၊ ရာခိုင်နှုန်းအားဖြင့် (၃၁) ရာခိုင်နှုန်းရှိပါသည်။
- (ခ) အဆင့်၊ ကျေးရွာ၏ အသင့်အတင့် နေနိုင်သူများအုပ်စုတွင်၊ အိမ်ထောင်စုအရေ အတွက်(၁၀) အိမ်ထောင်စုရှိပြီး၊ ပိုင်ဆိုင်မှုမှာ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ်မြေ (၅)ဧကအောက်၊ ဆိုင်ကယ်၊ နွားတစ်ရှဉ်း စသည်ဖြင့် ပိုင်ဆိုင်ကြပြီး၊ (၃၁) ရာခိုင်နှုန်း ရှိပါသည်။
- (ဂ)အဆင့်သည်၊ ကျေးရွာ၏ မပြေလည်သော၊ အနွမ်းပါးဆုံးသောအုပ်စုဖြစ်ပြီး၊ သက်ကယ်မိုး၊ ထရံကာ၊ စက်ဘီး၊ မွေးမြူရေး ဝက်(၁) ကောင် နှင့် ကြက်များ ပိုင်ဆိုင်ကြပြီး၊ ရာခိုင်နှုန်း အားဖြင့် (၃၈) ရာခိုင်နှုန်းရှိပါသည်။
- အထက်ပါ အဆင့်သတ်မှတ်ချက်များကို ကြည့်ခြင်းအားဖြင့်၊ (ဂ) အဆင့်ဖြစ်သော ကျေးရွာ၏ အနွမ်းပါးဆုံးသော အုပ်စုသည် ရာခိုင်နှုန်းအားဖြင့်၊ ပိုများနေသည်ကို တွေ့ရပါသည်။
- အလုပ်အကိုင်၊ အခွင့်အလမ်းများတွင်(ဂ)အဆင့်ပါအုပ်စုများကို၊ ဦးစားပေးဆောင်ရွက်စေခြင်း အားဖြင့်၊ လူနေမှုအဆင့်များ တဖြည်းဖြည်းညီမျှစေနိုင်လိမ့်မည်ဟု ထင်မြင်သုံးသပ်မိပါသည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေး ရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များ၊ ကျေးရွာ၏ဆန္ဒသဘော ထားများကိုဦးစားပေး၍၊စဉ်းစားရေးဆွဲခဲ့ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- ကျေးရွာအတွင်း ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ အမျိုးသမီး ပရိတ်အသင်းအဖွဲ့ နှင့် လူထုဗဟိုပြု စီမံကိန်းအဖွဲ့ တို့ဖြစ်ကြပြီး၊
- ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊အုပ်စုမီးသတ်အဖွဲ့၊ မြို့နယ်မီးသတ်အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ၎င်းအဖွဲ့အစည်းများသည် လိုအပ်ပါက၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး၊ ကျေးရွာ၏ လိုအပ်ချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို၊ အတူတကွ ကူညီဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးကို ပူးပေါင်းဆောင်ရွက်ကြကြောင်း တွေ့ရပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>





အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အရင်းအမြစ် ပိုင်ဆိုင်မှု၊ အသုံးပြုမှု တို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် လယ်၊ ချောင်း၊ ကိုင်း၊ နွား/လှည်း၊ အိမ်၊ တောင်ယာ၊ သစ်တော၊ ဝါးတော၊ လမ်း၊ ပေါက်တူး/တူရွင်း၊ ထယ်/ထွန်၊ ရေတွင်း၊ ဆိုင်ကယ် စသည်တို့ကို အတူတူအသုံးပြု ပိုင်ဆိုင်ကြသည်ကိုတွေ့ရသည်။
- အရင်းအမြစ် ထိန်းချုပ်မှု၊ ဆုံးဖြတ်ချက်ချမှု တို့တွင်၊ အမျိုးသမီးများသည် အပ်ချုပ်စက်၊ အိမ်မွေးတိရိစ္ဆာန် ကြက်၊ ဘဲ မွေးမြူခြင်းများကို သီးသန့်အသုံးပြုပိုင်ဆိုင်ကြသည်ကို တွေ့ရပြီး၊ အမျိုးသားများသည် လှည်း၊ ထွန်၊ ထယ်၊ စက်တုံး/ငုတ်တုံး စသည့်လုပ်ငန်းသုံးပစ္စည်းများကို သီးသန့်အသုံးပြုပိုင်ဆိုင်နေကြပါသည်။
- အမျိုးသား၊ အမျိုးသမီးအတူအသုံးပြုကြပိုင်ဆိုင်ကြသည်ဟုလက်ခံထားသောအသုံးပြုမှုများမှာ၊ လယ်၊ ကိုင်း၊ ဝါးခြံ၊ ပုဇဉ်းခေါင်းကား၊ ဆိုင်ကယ်၊ စက်ဘီး၊ နွား၊ ထွန်စက်၊ စသည့်ပစ္စည်းများဖြစ်ကြပြီး၊ အရင်းအမြစ် ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသား၊ အမျိုးသမီးအနေဖြင့် မိမိတို့အသုံးပြုနေသော လုပ်ငန်းသုံးပစ္စည်းများကို ပိုင်ဆိုင်သည်၊ ဆုံးဖြတ်နိုင်သည်ဟု တွေ့မြင်သိရှိရပါသည်။
- ပျမ်းမျှအားဖြင့် အမျိုးသား နှင့် အမျိုးသမီး ပိုင်ဆိုင်မှု၊ ဆုံးဖြတ်မှု တို့တွင် လုပ်ငန်းသုံးဆောင်ရွက် မှုပေါ်မူတည်၍၊ ခွဲခြားသိမှတ်မှုများရှိနေကြပြီး၊ အရာအားလုံးအား သီးသန့်ခွဲခြားမှုမရှိပဲ၊ အတူ တူ ပိုင်ဆိုင်၊ ဆုံးဖြတ်ကြကြောင်း သိရှိခဲ့ရပါသည်။
- ပါဝင်ဆွေးနွေးသူ ကျား(၇) ဦး၊ မ(၆) ဦးတို့နှင့်အတူ ရေးဆွဲခဲ့ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်**

- အမျိုးသား၊ အမျိုးသမီးတို့၏ နေ့စဉ်လူနေမှုဘဝတွင် တွေ့ကြုံနေရသည့် အချက်အလက်များ အပေါ်အခြေခံ၍၊ မကြီးစုကျေးရွာတွင်းရှိသော အမျိုးသား/အမျိုးသမီးတို့၏ အားသာချက်၊ အားနည်းချက်များကို ပင့်ကူအိမ်ကွန်ယက်ပြပုံကို အသုံးပြု၍ ရှာဖွေကြပါသည်။
- အုပ်ချုပ်မှု အပိုင်းတွင် မကြီးစုကျေးရွာရှိ အမျိုးသားများသည် အမျိုးသမီးများထက်၊ ပါဝင်မှုပိုကောင်းပြီး၊ အမျိုးသမီးများထက် ပိုမိုဆောင်ရွက်မှုရှိသည်ကို တွေ့ရပါသည်။ အမျိုးသားများသည် (၉၀)% ၊ အမျိုးသမီးများသည် (၁၀)% ဖြင့် များစွာကွာဟမှုရှိနေသည်ကို တွေ့ရသည်။
- ယုံကြည်မှု၊ လုံခြုံမှုပိုင်းတွင် အမျိုးသားများသည် (၈၀)% ၊ အမျိုးသမီးများသည် (၄၀)% ရှိကြပြီး၊ ကျေးရွာအနေဖြင့် ကျေးရွာ၏လက်ရှိ အခြေအနေကို၊ လက်ခံထားကြပါသည်။
- အလုပ်အကိုင် ကိစ္စတွင် အမျိုးသားများသည် (၈၀)% ၊ အမျိုးသမီးများသည် (၄၀)% ဖြစ်သောကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် အားသာမှုရှိနေသည်ကို တွေ့ရပါသည်။
- အိမ်တွင်းမှု တွင် အမျိုးသားများသည် (၂၀)% ၊ အမျိုးသမီးများသည် (၈၀)% ရှိပြီး၊ အမျိုးသမီးများက ထုံးတမ်းစဉ်လာအတိုင်း ပိုမိုလုပ်ဆောင်နိုင်ကြပါသည်။
- ဝင်ငွေရှာဖွေနိုင်မှု တွင် အမျိုးသားများသည် (၈၀)% နှင့် အမျိုးသမီးများသည် (၃၀)% ရှိပြီး၊ အမျိုးသားများသည် ဒေသအခြေအနေအရ၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှုတွင် အမျိုးသားများ နှင့် အမျိုးသမီးများသည် (၅၀:၅၀)% ဖြင့် တန်းတူဖြစ်နေသည်ကို တွေ့ရပါသည်။
- ပညာရေးလက်လှမ်းမီမှု နှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အမျိုးသား (၅၀)% ၊ အမျိုး သမီး (၅၀)% ဖြင့် တန်းတူဖြစ်နေသည် ကို တွေ့ရပါသည်။ ကျေးရွာအနေဖြင့် အုပ်ချုပ်ရေး၊ အလုပ်အကိုင် နှင့် ဝင်ငွေ၊ မိမိကိုယ်မိမိ လုံခြုံစိတ်ချမှုအပိုင်း တို့တွင် အမျိုးသမီးများ၏ အားနည်း နေသေးသော အပိုင်းများကို တွေ့ရှိသိမြင်ခဲ့ရပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


မီးတိုင်များ ဆွေးမြေ့၍ ကျေးရွာလူထုမှ လုံခြုံမှုမရှိခြင်း၊ မျိုးစပါးအတွက် မျိုးသန့်မရှိခြင်း၊ကမ်းပါးပြို၍ ခဏ၊ ခဏ မြေနေရာ ရွှေ့ပြောင်းနေရခြင်း၊ သောက်ရေ/သုံးရေလုံ လောက်မှုမရှိခြင်း၊ ရွာအပြင်လမ်း နှစ်စဉ်ရေကြီး၊ ရေလျှံ၍ သွားရေး၊ လာရေးခက်ခဲခြင်း စသည့်အခက်အခဲများကို အမျိုးသားများက အဆိုပြုကြ သည်။

မီးဘေး လုံခြုံမှုမရှိ၍ စိုးရိမ်ကြောင့်ကြနေရခြင်း၊ နှစ်စဉ် ရေကြီး ရေလျှံမှုဖြစ်၍၊ ကျောင်းသားများ သွားရေး လာရေး ခက်ခဲခြင်း၊ ပညာတတ်ဦးရေ ရှိသော်လည်း အလုပ်အကိုင် ရရှိရန် အခွင့်အလမ်းများ မရှိခြင်း၊ မီးကြိုးများ စိတ်ချရမှုမရှိ၍ စိုးရိမ်နေရခြင်း စသည့်အချက်အလက်များသည် အမျိုးသမီးများ ဖော်ထုတ်ခဲ့ကြသော အခက်အခဲများ ဖြစ်ကြသည်။

အခက်အခဲများကို ဆွေးနွေးရာတွင် ကျား(၇) ဦး၊ မ(၆) ဦး တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး၊ ကျေးရွာအတွက် အခြေခံကြသော အချက်အလက်များကို ဖော်ထုတ်သိရှိခဲ့ကြပါသည်။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၉) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများ အနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် မြို့ကြီးများကဲ့သို့ နေ့ညမပြတ်၊ မီးအလင်းရောင်ဖြင့် နေချင်ပါသည်။ ကလေးများ အနာဂတ်အတွက် စာပေအသိ မြင့်မားဖြန့်ဝေပေးချင်ပါသည်။ ကလေးများ ကျန်းမာဖွံ့ဖြိုးစေရန် အားကစားကွင်း ရှိချင်ပါသည်။ ရေကြီး၊ ရေလျှံမှုအတွက် ခိုင်ခန့်ကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးရှိချင်ပါသည်။ စသည့်အချက်များကို အဓိကထား၍မျှော်မှန်းကြပါသည်။

အမျိုးသမီးများအနေဖြင့် ကျန်းမာရေး စိတ်ချစေရန်၊ ကျေးရွာတွင် အချိန်မရွေး သွားပြနိုင်သော ဆေးပေးခန်း ရှိချင်သည်။ ကလေးများ ဗဟုသုတဖွံ့ဖြိုးစေရန် စာကြည့်တိုက်လေး လိုချင်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ရချင်ပါသည်။ အမျိုးသမီးများအတွက် အိမ်နေရင်း အလုပ် လုပ်ကိုင်နိုင်ရန်၊ အိမ်တွင်းမှုလုပ်ငန်းများ လိုချင်ပါသည်။ ကျေးရွာတွင် အလှူအတန်းများ ပြုလုပ်ရန်၊ စုဝေးခန်းမ လေးရှိစေချင်သည်။ စသည်ဖြင့် မျှော်မှန်းထားကြပါသည်။

မကျီးစုကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီး မျှော်မှန်းချက်များကို ကျား(၄) ဦး၊ မ(၈) ဦးတို့ဖြင့် ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

<u>(စျ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ဦးစားပေးလုပ်ငန်းများ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကိုးအင်းအုပ်စု၊ မကျီးစုကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံးဖြစ်သော ထရန်စဖော်မာအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံး ဖြစ်သော ဘက်စုံသုံး ရေကန်၊ စက်ရေတွင်း၊  ရေစက်၊ ရေပိုက် လုပ်ငန်းအား ဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲ အများဆုံးဖြစ်သော ရွာတွင်းချောင်းကျောက်လမ်း ရေတွင်းလုပ်ငန်းအား ဦးစားပေး(၃) အဖြစ် လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ရွာတွင်းကွန်ကရစ်လမ်း လုပ်ငန်းအား ဦးစားပေး(၄) အဖြစ်လည်းကောင်း၊ ကျေးရွာတွင်း စာကြည့်တိုက် လုပ်ငန်းအား ဦးစားပေး(၅) အဖြစ် လည်းကောင်း ၊ မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

မကျီးစုကျေးရွာသည် အုပ်စုသဘောတူညီချက်အရ တတိယနှစ်စက်ဝန်းတွင် လုပ်ငန်းရပ်နားထားခဲ့ပြီး စတုတ္ထနှစ်စက်ဝန်းတွင် လုပ်ငန်းပြန်လည်လုပ်ဆောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ




ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကိုးအင်း ကျေးရွာ။ ။ မကျီးစု

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၅-၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမြင့်အောင် | ၀၉၄၂၂၅၁၁၇၉၉ | |
| ၂ | | ဥက္ကဌ | ဒေါ်ထက်ဦးဇင် | ၀၉၄၄၄၀၉၉၈၈၃ | |
| ၃ | | ခေါင်းဆောင် | ဒေါ်ငွေငွေငြိမ်း | - | |
| ၄ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဝင်းထက်ကျော် | ၀၉၂၅၄၄၂၉၉၁၉ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်သန်းသန်းဆွေ | ၀၉၇၇၉၂၇၉၀၉၄ | |
| ၆ | | ခေါင်းဆောင် | ဦးတင်စိုး | - | |
| ၇ | စောင့်ကြည့်ကြီးကြပ်ရေး | အဖွဲ့ဝင် | ဒေါ်သန်းသန်းချို | ၀၉၁၆၄၄၂၇၈၈၀ | |
| ၈ | ဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမောင်မောင်ဝင်း | - | |
| ၉ | လည်ပတ်ရေးနှင့် | ခေါင်းဆောင် | ဦးသိန်းအောင် | ၀၉၂၆၄၀၆၈၅၀၃ | |
| ၁၀ | ပြုပြင်ထိန်း | အဖွဲ့ဝင် | ဒေါ်အေးမြတ်မိုး | ၀၉၂၆၁၈၀၁၄၁၄ | |
| ၁၁ | သိမ်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်အိအိစိုး | ၀၉၇၇၃၄၄၄၉၇၃ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးနိုင်ဝင်းထွန်း | ၀၉၇၉၃၁၃၃၀၉၀ | |
| ၁၃ | အငြင်းပွားတိုင်ကြား | အဖွဲ့ဝင် | ဦးခင်မောင်ဆန်း | - | |
| ၁၄ | ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်ဝင်းနွဲ့ | ၀၉၂၅၄၄၂၉၉၁၉ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးချမ်းငြိမ်းထွေး | ၀၉၄၅၅၃၅၇၇၁၉ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်နန္ဒာလင်း | ၀၉၄၅၂၁၅၇၈၉၀ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ထက်ထက်လှိုင်

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | |
|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် – | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၁ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၂၁ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄ | ဗုဒ္ဓဘာသာ | ၁၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၈ | ၆၆ |
| လူမျိုးစု (၁)---ဗမာ | ၅၈ | ၆၆ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၂၇ | ၄ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

**(၁) စာသင်ကျောင်း**

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| …လတန်းပြဆရာ/မ | ☑ | ☐ |
| …ထက်တန်းပြဆရာ/မ | ☑ | ☐ |
| …လယ်တန်းပြဆရာ/မ | ☑ | ☐ |
| …ကျိုးဆရာ/မ | ☐ | ☐ |
| …ခြား | ☐ | ☐ |
| …က် | | |

**(၂) ကျန်းမာရေး**

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| ဆရာဝန် | ☐ | ☐ |
| လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ |
| အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ |
| သားဖွားဆရာမ | ☐ | ☐ |
| ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ |
| မှတ်ချက် | | |

**(၃) လက်မှုပညာရှင်**

| | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| လက်သမား | ☑ | ☐ |
| ပန်းရံ | ☑ | ☐ |
| လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| ရေပိုက်သွယ်သူ | ☑ | ☐ |
| စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

(ကျောက်ကြမ်းလမ်း (ကျောက်ခင်းလမ်း)) ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
မြေသားလမ်း လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၃ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --၃ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/အခြား ----------

မိုးရာသီတွင်ကြာချိန် --၃ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/အခြား ----------

…) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --[illegible] (၂၀၀၆)

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]
(၂) ကျေးရွာလူငယ်အဖွဲ့
(၃) ကျေးရွာမီးသတ်အဖွဲ့
(၄) အမျိုးသမီး. ရေးရာ အသင်း

ကျေးရွာခေါင်းဆောင် — အမည် ဦး ဝဇီရ:

လက်မှတ် [signature] နေ့စွဲ 13.9.17

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခင်. ဝီဏာ

လက်မှတ် [signature] နေ့စွဲ 13.9.17

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်တင်တင်လှိုင် | | | |
| နေ့စွဲ - ၂၅.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် - မြောင်း | ကျေးရွာအုပ်စု - လိုအင် | ကျေးရွာ - မကျီးစု |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၉.၁၇ | ၂၅.၉.၁၇ | ၂၁ | ၁၃ | ၃၀ | ၃၄ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၉.၁၇ | ၂၅.၉.၁၇ | ၂၁ | ၁၃ | ၃၀ | ၃၄ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၂၂ | ၁၈ | ၄၀ | ၄၀ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၄ | ၆ | ၁၀ | ၁၀ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | — |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | — |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | — |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | — |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | — |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | — |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | — |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | — |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဉီးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လှိုင် |
| နေ့စွဲ - ၂၅ . ၉ . ၂၀၁၇ \| စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ \| မြို့နယ် ကြံခင်း၊ \| ကျေးရွာအုပ်စု – ဆိုးအင်း၊ \| ကျေးရွာ မကျီးစု |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးအခါ လုံလောက်စွာ မရရှိခြင်း၊ | ၁ | မိုး ပေါ အလွန်ရာသီဥတုဆိုး ရှိ၍ ကြောင့်ကြ ရေရခြင်း |
| ၂ | ကျိုးသင့်စေပါး မရှိခြင်း | ၂ | ဖွံ့ဖြိုးရေးကြောင့် ရေလျှံ၍ ကျောင်းနေသားများ သွားလာရေး ခက်ခဲခြင်း၊ |
| ၃ | တမင်းပါး ပြို့ပျက်ခြေ ရှာဖွေ ရခြင်း | ၃ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ |
| ၄ | သောက်သုံးရေ လုံလောက်မှု မရှိခြင်း | ၄ | မီးအား နည်းပါးခြင်း |
| ၅ | ရွာပြင်လမ်းများ မကောင်းခြင်း၊ | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မီးအား လုံလောက်စွာရချင်တယ် | ၁ | ကျန်းမာရေး စောင့်ရှောက်မှု ရှိစေရန် ဆေးခန်း လိုချင်ပါတယ်။ |
| ၂ | မြို့ကြီးများကဲ့သို့ ရေ မပြတ် မီးအလင်းရောင် ရရှိချင်ပါတယ် | ၂ | ကလေးများ ပညာသင်ကြား ဖွံ့ဖြိုးရန် စာကြည့်တိုက် ရှိစေချင်တယ်။ |
| ၃ | ကလေးများ အခြေခံပညာ မြင့်ဖို့ အတွက် စာကြည့်တိုက် ရှိစေချင်ပါတယ် | ၃ | အလုပ်အကိုင်အခွင့်အလမ်းများ လိုချင်ပါတယ်။ |
| ၄ | ကလေးများ ကျန်းမာဖွံ့ဖြိုး စေရန် အသေးစား ကွင်း ရှိစေချင်ပါတယ် | ၄ | ဒီမိုးတွင်း ရေဝင်ငွေစုဆိုင်း စေရန် ဆည်မြောင်း လှလုပ်ပေး၍ လိုချင်ပါတယ်။ |
| ၅ | လမ်းပန်း ဆက်သွယ်ရေး ကောင်း မွန်စေချင်သည်။ | ၅ | ကျေးရွာလူထု စီးပွားရေး ဖွံ့ဖြိုးစေရန် အစမည်ပေါ်ပေါက်ပြီး ရှိစေချင်ပါတယ်။ |
| ၆ | | ၆ | မီးအား ပုံမှန် ရစေချင်ပါတယ်။ |
| ၇ | | ၇ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဖြစ်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ထရန်(စ်)ဖော်မာ | ကျား + မ | ၆၀ သိန်း | ၁၂၇ |
| ၂ | ဘက်စုံသုံး ရေကန် စက်ရေတွင်း၊ ရေပိုက်၊ ရေ[illegible] | ကျား + မ | ၂၂ သိန်း | ၁၂၇ |
| ၃ | ရွာတွင်း ကျောက်ချောလမ်း (၁၆၀၀'×၁၅'×၄") လမ်း | မ | ၃၀ သိန်း | ၁၂၇ |
| ၄ | ရွာတွင်း ကွန်ကရစ်လမ်း (၁၆၀၀'×၁၅'×၆") | မ | ၁၇၅ သိန်း | ၁၂၇ |
| ၅ | စာကြည့်တိုက် (၂၀'×၂၀') R.C | ကျား + မ | ၆၀ သိန်း | ၁၂၇ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဖြစ်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | မ | |
| ၂ | အိမ်တွင်းမှု အလှပြင်ဆိုင် | မ | |
| ၃ | အားကစားကွင်း | ကျား + မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် ---------- နေ့စွဲ ၂၅.၉.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခြေ၊ ဘရင်နိုင်

ဇက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐ဇက်ဝန်း(၁) ☐ဇက်ဝန်း(၂) ☒ဇက်ဝန်း(၃) ☐ဇက်ဝန်း(၄)

နေ့စွဲ ၂၀.၁၀.၁၇

~~ပြည်နယ်~~/တိုင်း ရှာဝတီ | မြို့နယ် ကြခင်း | ကျေးရွာအုပ်စု ကိုးအင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် - စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လက်ပံတိုက် | ဘက်ရုံသုံးခန်းမ | ၁၈'x၃၀' | ၁၅၈ | ☑အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၅,၀၀၀,၀၀၀ | ၇၀၀,၀၀၀ | - | | ၅,၇၀၀,၀၀၀ |
| လူပျိုတော် (အထက်ရ) | ဘက်ရုံသုံးခန်းမ | ၁၈'x၃၀' | ၁၂၇ | ☐အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့်အမျိုးသမီး | ၅,၀၀၀,၀၀၀ | ၇၀၀,၀၀၀ | - | | ၅,၇၀၀,၀၀၀ |
| ကညင်တော | ကွန်ကရစ်မြောင်း | ၂၂တိုင် | ၂၈၁ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၄,၆၅၀,၀၀၀ | ၅၀,၀၀၀ | - | | ၄,၇၀၀,၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလျာထား

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တာကြီးတန်း | ကွန်ကရစ်မိုးတိုင် + မိုးကြိုးသွယ်တန်းခြင်း | ၁၅ တိုင် + ၈၀၀ မီတာ | ၂၈၉. | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃,၈၀၀,၀၀၀ | ၂၀၀,၀၀၀ | - | ၄,၀၀၀,၀၀၀ |
| ကိုးအင်း | ကွန်ကရစ် မိုးတိုင် | ၂၄ တိုင် | ၅၁၇ | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄,၀၀၀,၀၀၀ | ၁၁၀၀,၀၀၀ | - | ၅,၁၀၀,၀၀၀ |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ------ ဦး[illegible] ------

လက်မှတ် ------ [signature] ------

ရက်စွဲ ------ ၂၀.၁၀.၂၀၁၇ ------

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ကိုအင်းအုပ်စု၊ မကျီးစုကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မကျီးစုကျေးရွာတွင်ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၂၅-၉-၂၀၁၈)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-

အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း၊ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ထရန်စဖော်မာ | ကျား<br>မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | စက်ရေတွင်း ရေကန်ရေစက် ရုံရေပိုက်သွယ်တန်းခြင်း | ကျား<br>မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရွာတွင်းချောင်းကျောက်လမ်း | မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄။ | ရွာတွင်းကွန်ကရစ်လမ်း | မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၅။ | အိမ်တွင်းမှုအလုပ်အကိုင် | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဦးစီး |
| | ၆။ | အားကစားကွင်း | ကျား-မ | ၂၀၂၃ | ကျေးရွာလူထု | အားကစားဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၇။ | ပန်းခြံ | မ | ၂၀၂၄ | ကျေးရွာလူထု | - |
| | | | | | | |
| | | | | | | |
| | | | | | | |